ကျွန်တော်မျိုးအား အမလ်ကျင့်ဆောင်မှုတစ်ခု

ညွှန်ပြပေးတော်မူပါ ကျွန်တော်မျိုးသည်

ထိုအမလ်ကိုဆောင်ရွက်ပါက

ဂျန္နသ်သုခဘုံသို့ဝင်ရောက်ရမည်။ ထိုအခါ ကိုယ်တော်ကမိန့်ကြားတော်မူသည်မှာ သင်သည် အလ္လာဟ်အရှင်မြတ်ကိုသာခဝပ်ကိုးကွယ်ပါ။ အရှင်မြတ်နှင့် မည်သည့်အရာကိုမျှယှဉ်တွဲကိုးကွယ်ခြင်းမပြုနှင့်။ ဖရ်ဿ်ွအဖြစ်

ပြဌာန်းထားသည့် ဆွလာသ်ကို ဆောက်တည်ပါ။ ဖရ်ဿ်ွအဖြစ်ပြဌာန်းထားသည့် ဇကာသ်ကို ပေးဆောင်ပါ။ ရမဿွာန်လတွင်ဆွိယာမ်ဥပုသ် စောင့်ထိန်းပါ။

အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျေးတောသားတစ်ဦးသည်
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံလာရောက်၍ လျှောက်ထားသည်မှာ
ကျွန်တော်မျိုးအား အမလ်ကျင့်ဆောင်မှုတစ်ခု ညွှန်ပြပေးတော်မူပါ
ကျွန်တော်မျိုးသည် ထိုအမလ်ကိုဆောင်ရွက်ပါက ဂျန္နသ်သုခဘုံသို့ဝင်ရောက်ရမည်။ထိုအခါ ကိုယ်တော်က မိန့်ကြားတော်မူသည်မှာ သင်သည် အလ္လာဟ်အရှင်မြတ်ကိုသာ
ခဝပ်ကိုးကွယ်ပါ။ အရှင်မြတ်နှင့် မည်သည့်အရာကိုမျှ
ယှဉ်တွဲကိုးကွယ်ခြင်းမပြုနှင့်။ ဖရ်ဿ်ွအဖြစ် ပြဌာန်းထားသည့် ဆွလာသ်ကို
ဆောက်တည်ပါ။ ဖရ်ဿ်ွအဖြစ် ပြဌာန်းထားသည့် ဇကာသ်ကို ပေးဆောင်ပါ။ ရမဿွာန်လတွင်
ဆွိယာမ်ဥပုသ် စောင့်ထိန်းပါ။ ထိုအခါ ကျေးတောသားက အကြင်အရှင်မြတ်၏လက်တော်တွင်ကျွန်တော်မျိုး၏ အသက်ဝိညာဉ်ရှိပြီး ထိုအရှင်မြတ်ကိုတိုင်တည်ပါသည်ကျွန်တော်မျိုးသည် ဤအချက်များထက် ပို၍မလုပ်ပါဟု ပြောကြားခဲ့သည်။
၎င်းသူ လှည့်ပြန်သွားသည့်အခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က
မိန့်ကြားတော်မူသည်မှာ မည်သူမဆို ဂျန္နသ်သုခဘုံသားကို ကြည့်ရှု့ပြီး
ဝမ်းမြောက်ကြည်နူးလိုလျှင် ဤပုဂ္ဂိုလ်ကိုကြည့်ပါ။ [صحيح] [متفق عليه]

ကျေးတောသားတစ်ဦးသည် မိမိအား ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ခွင့်ရစေမည့်အမလ်ကောင်းမှုများကို ညွှန်ပြပေးရန်အတွက် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံ ရောက်လာခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ဂျန္နသ်သုခဘုံသို့ဝင်ရောက်ခွင့်ရပြီးဂျဟန္နမ်ငရဲမီးမှ လွတ်ကင်းခြင်းသည် အစ္စလာမ့်မဏ္ဍိုင်များကိုလိုက်နာကျင့်သုံးခြင်း ပေါ်တွင်မူတည်ပြီး ၎င်းတွင် အလ္လာဟ်အရှင်မြတ် တစ်ဆူတည်းကိုသာ

ခဝပ်ကိုးကွယ်ခြင်း၊ အလ္လာဟ်အရှင်မြတ်နှင့် မည့်သည့်အရာကိုမျှယှဉ်တွဲကိုးကွယ်မှုမပြုခြင်း၊ သင့်အနေဖြင့် အလ္လာဟ်အရှင်မြတ်က နေ့နှင့်ညတွင်မိမိကျေးကျွန်များအပေါ်တွင် ဖရ်ဿ်ွတာဝန်အဖြစ် သတ်မှတ်ထားသော ဆွလာသ်ငါးကြိမ်ကိုဆောက်တည်ခြင်း၊ သင့်အပေါ်တွင် ဖရ်ဿ်ွတာဝန်အဖြစ် သတ်မှတ်ထားသော ဥစ္စာပစ္စည်းနှင့်သက်ဆိုင်သည့် ဇကာသ်ကို စားထိုက်သူများအားပေးခြင်း၊ ရမဿွာန်လ၏ ဆွိယာမ်ဥပုသ်ကိုသတ်မှတ်ထားသည့် အချိန်တွင် စောင့်ထိန်းခြင်းတို့ပါဝင်ကြောင်းပြန်လည်ဖြေကြားတော်မူခဲ့သည်။ ထိုအခါ ၎င်းက အကြင်အရှင်မြတ်၏လက်တော်တွင်ကျွန်တော်မျိုး၏ အသက်ဝိညာဉ်ရှိပြီး ထိုအရှင်မြတ်ကို တိုင်တည်ပါသည် ကိုယ်တော့်ထံမှကျွန်တော်ကြားသိရသည့် ဖရ်ဿ်ွတာဝန်များထဲတွင် မည်သည့် အမလ်ကျင့်ဆောင်မှုကိုမျှအပိုထပ်ထည့်မည်လည်း မဟုတ်သလို လျော့၍လုပ်မည်လည်း မဟုတ်ပါဟု လျှောက်ထားခဲ့သည်။ ထိုသူလှည့်ပြန်သွားသည့်အခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မည်သူမဆိုဂျန္နသ်သုခဘုံသားကို ကြည့်ရှု့ပြီး ဝမ်းမြောက်ကြည်နူးလိုလျှင် ဤကျေးတောသားကိုကြည့်ပါဟုမိန့်ကြားတော်မူခဲ့သည်။

https://sunnah.global/hadeeth/my/show/3689

